# ၁၅၂ ကိုယ်တော်သာ မျှော်လင့်အားထားရာ

(သုတ္တံ ၁၄:၂၆)

၁။ ရှင်ယေဟောဝါ မျှော်လင့်ချက် ပေးထား၊
မြတ်နိုးစွာ ဆုပ်ကိုင်ထား၊
စိတ်လှုပ်ရှားစေသော မျှော်လင့်ချက်
တစ်လောကလုံး ကြားသင့်။
သို့သော်ငြား စိုးရိမ်စိတ် ရှိနေလို့
ကြောက်ရွံ့စိတ် ဖြစ်ပွားနေတာ
တောက်ပသော မျှော်လင့်ချက်တွေလည်း
ချက်ချင်း မှေးမှိန်သွားတာ။

*(ထပ်ကျော့ပိုဒ်)*

*ကိုယ်တော်သာ မျှော်လင့်ရာ၊ ခွန်အား၊ အားထားရာ*
*လိုအပ်ရာ မှန်သမျှ ဖြည့်ပေး*
*သွန်သင်ချိန်၊ ဟောပြောချိန်*
*စိတ်ချလက်ချ ရှိ*
*ဘုရားကိုသာ အားကိုးလို့ပါ။*

၂။ အို ယေဟောဝါ နှလုံးသွင်းစေပါ၊
မမေ့အောင် မစပါ။
နှစ်သိမ့်မှု လိုအပ်ချိန် ကူမ
အခက် အခဲတွေ ကြုံခိုက်မှာ
ဒီလိုအတွေးဟာ သိပ်အားရှိစေတာ
တစ်ဖန်ပြန် ခွန်အားပြည့်လာ
နာမတော်အကြောင်း ပြောပြနိုင်ဖို့
အစွမ်းသတ္တိ ပြည့်လာ။

*(ထပ်ကျော့ပိုဒ်)*

(ဆာ. ၇၂:၁၃၊ ၁၄။ သု. ၃:၅၊ ၆၊ ၂၆။ ယေ. ၁၇:၇ တို့ကိုလည်း ကြည့်ပါ။)

snylpnw-BU No. 152 4/16
© 2016 Watch Tower Bible and Tract Society of Pennsylvania